• Vol.1 No.3 March, 2022

# HUMAN RIGHTS NEWSLETTER

A Monthly Publication of the
Myanmar National Human Rights Commission

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း




မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၂) ကို ၂၄-၂-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင် ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွက် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၂) ကို ၈-၂-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အလှည့်ကျကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုးနှင့် ဦးတင်အောင် အထူး ဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် (ဘဏ္ဍာ) ဦးကျော်မြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

---

အင်္ဂလိပ်ဘာသာ စကား ကျွမ်းကျင်မှု စွမ်းရည်မြှင့် သင်တန်း ဖွင့်လှစ်
• စာမျက်နှာ- ၂ >>

စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ
• စာမျက်နှာ- ၃ >>

မအူပင် အကျဉ်းထောင် ကြည့်ရှုစစ်ဆေးခြင်း
• စာမျက်နှာ- ၅ >>

လူ့အခွင့်အရေးကဗျာ "သဘာဝအမွေ"
• စာမျက်နှာ- ၁၀ >>

# မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အရာထမ်း၊ အမှုထမ်းများအတွက် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်



ဖေဖော်ဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးချုပ်မှ အရာထမ်း၊ အမှုထမ်းများအတွက် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ၂၈.၂.၂၀၂၂ ရက်နေ့ နံနက် ၁၀ နာရီ အချိန်တွင် ကော်မရှင်ရုံး Conference Room ၌ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လိုက်နာနေထိုင်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ကြမည့် ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြ ပါသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားရာ၌ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး ဦးစားပေးကိစ္စရပ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် ယခု အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု စွမ်းရည်မြှင့် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခင်ကလည်း ယခုကဲ့သို့ သင်တန်းမျိုး (၂) ကြိမ် ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့ အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များနှင့် ပုံမှန်ထိတွေ့ဆက်ဆံရာတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင် တတ်မြောက်မှုရှိရန် အရေး ကြီးပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကို မပျက်မကွက် တက်ရောက်ပြီး အထူး အာရုံစိုက် လေ့လာသင်ယူကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်မေမေဝင်းနှင့် သင်တန်းသား၊ သင်တန်းသူများက မိတ်ဆက်စကား များ အသီးသီး ပြောကြားခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုသင်တန်းကို သင်တန်းသားဦးရေ (၂၀) ဦးဖြင့် စတင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ (၁၀) ပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကို အွန်လိုင်းမှတစ်ဆင့် Zoom Platform ကို အသုံးပြု၍ သင်ကြားသွားမည်ဖြစ်ပြီး ယခုသင်တန်း ပြီးဆုံးပါက သင်တန်းမတက်ရောက်ရသေးသည့် အရာထမ်း၊ အမှုထမ်းများအတွက် အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှုသင်တန်းများကို ကော်မရှင်အစီအစဉ်ဖြင့် ထပ်မံဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

## စစ်ဦးစီးတက္ကသိုလ်(ကလော)တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၁၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်းသည် စစ်ဦးစီး တက္ကသိုလ်(ကလော)တွင် ဖွင့်လှစ်လျက်ရှိသော စစ်ဦးစီးတက္ကသိုလ်သင်တန်း၊ အမှတ်စဉ် (၆၉) ၌ ၁၇-၂-၂၀၂၂ ရက်နေ့ နံနက် ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်းသည် စစ်ဦးစီးတက္ကသိုလ်(ကလော)တွင် ဖွင့်လှစ်လျက်ရှိသော စစ်ဦးစီးတက္ကသိုလ်သင်တန်း၊ အမှတ်စဉ် (၆၉) ၌ ၁၇-၂-၂၀၂၂ ရက်နေ့ နံနက် ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေး ကော်မရှင်ရုံး၏ လုပ်ငန်းစဉ်များနှင့် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များကိုသင်ကြားပို့ချ ခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားအရာရှိ (၁၉၆)ဦး တက်ရောက်ခဲ့ကြပြီးတက် ရောက်လာသော သင်တန်းသား အရာရှိကြီးများမှ သိရှိလိုသည့်မေးခွန်းများကို မေးမြန်းရာ ဒုတိယဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြပါသည်။

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင်သင်ခန်း စာ သွား ရောက်ပို့ချခြင်း



ဖေဖော်ဝါရီလ ၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်တို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၈) ၌ ၁-၂-၂၀၂၂ ရက်နေ့၊ ၀၈:၀၀ နာရီ အချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချ သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ

ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်တို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၈) ၌ ၁-၂-၂၀၂၂ ရက်နေ့၊ ၀၈:၀၀ နာရီ အချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် အစီရင်ခံစာ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူ အဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူ့တာဝန်စသည့် ဘာသာရပ်များကိုလည်းကောင်း သင်ခန်းစာများ အသီးသီးပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၄၅) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကိုမေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့် တို့ က ပြန်လည်ဖြေကြားခဲ့ကြပါသည်။



## ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်တို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက် ရှိသော အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၉) ၌ ၂-၂-၂၀၂၂ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်တို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိ သော အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၉) ၌ ၂-၂-၂၀၂၂ ရက်နေ့၊ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ကုလသမဂ္ဂလူ့အခွင့်အရေး ယန္တရား၊ ကမ္ဘာ့နိုင်ငံ များ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် အစီရင်ခံစာ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း



ဆောင်ရွက်များ အကြောင်းကိုလည်းကောင်း၊ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူ့တာဝန် စသည့် ဘာသာရပ်များကိုလည်းကောင်း သင်ခန်းစာများ အသီးသီးပို့ချခဲ့ကြရာ စုစုပေါင်း သင်တန်းသားဦးရေ (၃၇) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်တို့က ပြန် လည် ဖြေကြားခဲ့ကြပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ မအူပင်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



ဖေဖော်ဝါရီလ ၁ ရက်

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁-၂-၂၀၂၂ ရက်နေ့တွင်မအူပင်အကျဉ်းထောင်အား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား တစ်ဦး၏အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ အကျဉ်းထောင်သတ်မှတ် စည်းကမ်းချက်များနှင့်အညီ လာရောက်ပို့ဆောင်ပေးသော ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်းရှိ မရှိနှင့် အကျဉ်းထောင်နှင့် အချုပ်ခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှုရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသည့် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့ပါသည်။

၃။ မအူပင်အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များသန့်ရှင်းမှု၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှုရှိ မရှိ ၊ တိုက် ခန်းများ၊ ဆေးရုံခန်း၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေ၊ သုံးရေကန်များနှင့် စာကြည့်တိုက် တို့ကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုနှင့် Quarantine ထားရှိသည့် အဆောင် အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၄။ အကျဉ်းသား/သူ၊ အချုပ်သား/သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် (၅၀၀) အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်းထောင် တာဝန်ခံမှ လက်ခံရယူခဲ့ပါသည်။

၅။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ မအူပင်အကျဉ်းထောင်ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် အကြံပြုချက် (၃) ချက်၊ အိပ်ဆောင်နှင့်စပ်လျဉ်းသည့် အကြံပြုချက် (၅) ချက်၊ စားဖိုကြီးနှင့် သက်ဆိုင်သည့် (၁) ချက်တို့ကို လိုအပ်သလိုဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဟသ်ာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး



ဖေဖော်ဝါရီလ ၄ ရက်

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၄-၂-၂၀၂၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးရှိ ဟသ်ာတအကျဉ်းထောင်အား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား တစ်ဦး၏အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ အကျဉ်းထောင်သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လာရောက်ပို့ဆောင် ပေးသော ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့် ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်းရှိ မရှိနှင့် အကျဉ်းထောင်နှင့် အချုပ်ခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှုရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသည့် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့ပါသည်။

၃။ ဟသ်ာတ အကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ် သား/အချုပ်သူများ၏ အိပ်ဆောင်များသန့်ရှင်းမှု၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှုရှိ မရှိ၊ တိုက်ခန်းများ၊ ဆေးရုံခန်း၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေ၊ သုံးရေကန်များနှင့် စာကြည့် တိုက်တို့ကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ထားရှိမှုနှင့် Quarantine ထားရှိသည့် အဆောင်အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၄။ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ စာတမ်း မြန်မာ ပြန်စာသားများပါရှိသော မှတ်စုစာအုပ် (၅၀၀) အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အကျဉ်းထောင်တာဝန်ခံမှ လက်ခံရယူခဲ့ပါသည်။

၅။ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ဟသ်ာတအကျဉ်းထောင်ခရီးစဉ်အတွင်း စစ်ဆေး တွေ့ရှိချက်နှင့် ကျန်းမာရေးနှင့်သက်ဆိုင်သည့် အကြံပြုချက် (၉) ချက်၊ ရိက္ခာဂိုဒေါင်နှင့် စပ်လျဉ်း သည့် အကြံပြုချက် (၂) ချက်၊ သုံးရေကန်နှင့်ဆိုင်ရာ (၁) ချက်နှင့် လုံခြုံရေးဆိုင်ရာ အကြံပြုချက် များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင် ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၉) စောင်လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေး (၂) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး စိစစ်ခဲ့ရာ တိုင်တန်းချက် ( ၁ ) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းချက် ( ၃ ) စောင်ကို ကာယကံရှင်ထံ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပြီး တိုင်တန်းချက် ( ၂ ) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) အရ လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍ လည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ ဖေဖော်ဝါရီလတွင် ဆောင်ရွက်ရန် တိုင်တန်း ချက် (၃) စောင် ကျန်ရှိပါသည်။

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် Video Conferencing ဖြင့် သင်ခန်းစာပို့ချ

ဖေဖော်ဝါရီလ ၁၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူးဦးအာကာဟိန်းစိုးတို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့် လှစ် လျက်ရှိသော အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၆) ၌ ၁၅-၂-၂၀၂၂ ရက်နေ့ နံနက် ၀၈:၀၀ နာရီမှ မွန်းလွဲ ၁၅:၅၅ နာရီအချိန်အထိ Video Conferencing ဖြင့် သင်ခန်းစာ ပို့ချ သည်။




မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူးဦးအာကာဟိန်းစိုးတို့သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ် လျက်ရှိသော အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၆) ၌ ၁၅-၂-၂၀၂၂ ရက်နေ့ နံနက် ၀၈:၀၀ နာရီမှ မွန်းလွဲ ၁၅:၅၅ နာရီအချိန် အထိ Video Conferencing ဖြင့် သင်ခန်းစာ ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ နိုင်ငံတော်နှင့်ပြည်သူ့တာဝန်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန် သုံးသပ်သည့်လုပ်ငန်းစဉ်ကို လည်းကောင်း သင်ခန်းစာများ အသီးသီး ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ(၃၈) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့်မေးခွန်း များကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုး တို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် Video Conferencing ဖြင့် သင်ခန်းစာပို့ချ





ဖေဖော်ဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း၊ အမှတ်စဉ် (၉၈) နှင့် ခြေလျင် တပ်ခွဲမှူးသင် တန်း၊ အမှတ်စဉ် (၂၀၉) တို့၌ ၂၂-၂-၂၀၂၂ ရက်နေ့၊ နံနက် ၀၇:၄၀ နာရီမှ ၁၀:၅၀ နာရီ အချိန် အထိ Video Conferencing ဖြင့် သင်ခန်းစာ ပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် နှင့်ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း၊ အမှတ်စဉ် (၉၈) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း၊ အမှတ်စဉ် (၂၀၉) တို့၌ ၂၂-၂-၂၀၂၂ ရက်နေ့၊ နံနက် ၀၇:၄၀ နာရီမှ ၁၀:၅၀ နာရီ အချိန် အထိ Video Conferencing ဖြင့် သင်ခန်းစာပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာ သန်းမြင့် က လူ့အခွင့်အရေး အခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့်ဘာသာရပ်များကို လည်းကောင်း၊ ညွှန်ကြားရေး မှူးဦးအာကာဟိန်းစိုးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းအကြောင်းကိုလည်းကောင်း သင်ခန်းစာများ အသီးသီး ပို့ချခဲ့ကြပါသည်။ သင်တန်းတွင် ခြေလျင်တပ် ရင်းမှူးသင်တန်း၊ အမှတ်စဉ် (၉၈) မှ သင်တန်းသား ဦးရေ (၃၀) ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်း၊ အမှတ် စဉ် (၂၀၉) မှ သင်တန်း သားဦးရေ (၁၂၃) ဦး၊ စုစုပေါင်း (၁၅၃) ဦးတက် ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိ လိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ ဝင် ဒေါက်တာသန်းမြင့် နှင့် ညွှန်ကြားရေးမှူး ဦးအာကာ ဟိန်းစိုး တို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် Video Conferencing ဖြင့် သင်ခန်းစာပို့ချ




ဖေဖော်ဝါရီလ ၂၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင် တပ်ခွဲမှူးသင်တန်း၊ အမှတ်စဉ် (၇၁၊ ၇၂) ၌ ၂၂-၂-၂၀၂၂ ရက်နေ့၊ နံနက် ၀၇:၄၀ နာရီမှ ၁၀:၅၀ နာရီ အချိန်အထိ Video Conferencing ဖြင့် သင်ခန်းစာပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက် ရှိသော ခြေလျင် တပ်ခွဲမှူးသင်တန်း၊ အမှတ်စဉ် (၇၁၊ ၇၂)

၌ ၂၂-၂-၂၀၂၂ ရက်နေ့၊ နံနက် ၀၇:၄၀ နာရီမှ ၁၀:၅၀ နာရီအချိန်အထိ Video Conferencing ဖြင့် သင်ခန်းစာပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့် အရေး အခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် ခြေလျင်တပ်ခွဲမှူး သင်တန်း၊ အမှတ်စဉ် (၇၁၊ ၇၂) မှ သင်တန်းသားဦးရေ စုစုပေါင်း (၂၄၅) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလို သည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည် ဖြေကြားခဲ့ပါသည်။

---

## စုံစမ်းစစ်ဆေးမှု အတတ်သင်ကျောင်း၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် သင်တန်းနည်းပြ (Trainer) ဦးကောင်းခန့်ဇင်တို့သည် စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်းတွင် ၁၄-၂-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ များ ပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် သင်တန်းနည်းပြ (Trainer) ဦးကောင်းခန့်ဇင်တို့သည် စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်းတွင် ဖွင့်လှစ်လျက်ရှိသော ဥပဒေဘာသာ (အထူး) သင်တန်း၊ အမှတ်စဉ် (၁/၂၀၂၁) ၌ ၁၄-၂-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချ ခဲ့ပါသည်။ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံ အယူအဆ များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း၊ သင်တန်းနည်းပြ ဦးကောင်းခန့်ဇင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာ တမ်း အကြောင်း ဘာသာရပ်ကိုလည်းကောင်း သင်ခန်းစာများ ပို့ချခဲ့ကြပါသည်။ သင်တန်းတွင် စုစု ပေါင်း သင်တန်းသားဦးရေ (၂၁) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်း များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် သင်တန်းနည်းပြ ဦးကောင်းခန့်ဇင်တို့ က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## အကျဉ်းဦးစီးဌာန (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာသွားရောက်ပို့ချ



ဖေဖော်ဝါရီလ ၁၆ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် သင်တန်းနည်းပြ (Trainer) ဦးကောင်းခန့်ဇင်တို့သည် အကျဉ်းဦးစီးဌာန (နေပြည်တော်) တွင် ၁၆-၂-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၄၀ နာရီမှ ၁၆:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် သင်တန်းနည်းပြ (Trainer) ဦးကောင်းခန့်ဇင်တို့သည် အကျဉ်းဦးစီးဌာန (နေပြည်တော်) တွင် ဖွင့်လှစ် လျက်ရှိသော ထောင်တာဝန်ခံ အရာရှိသင်တန်း၊ အမှတ်စဉ် (၁၆)

၌ ၁၆-၂-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၄၀ နာရီမှ ၁၆:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေး အခြေခံ အယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း၊ သင်တန်းနည်းပြ ဦးကောင်းခန့်ဇင်က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာ တမ်းအကြောင်း ဘာသာရပ်ကိုလည်းကောင်း သင်ခန်းစာများ ပို့ချခဲ့ကြပါသည်။သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၃၃) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများ ကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် သင်တန်းနည်းပြ ဦးကောင်းခန့်ဇင်တို့က ပြန် လည်ဖြေကြားခဲ့ပါသည်။



## သဘာဝအမွေ

လွတ်လပ်မျှတ၊ ခွင့်ရေးတူညီ
သဘာဝအမွေ၊ တို့တစ်တွေဆီမှာ
ဘဝအစ မွေးကတည်းက၊ ရရှိကြသည့်
ထိုကျင့်ဝတ်များ၊ တန်ဖိုးထား၍
လိုက်နာကျင့်ကြံ၊ မျှဝေထိန်းစောင့်
တို့အနှောင်းဝယ်၊ နောင်လာနောက်သား
သူအများတို့သည်၊ ပွင့်လန်းသည့်ပန်း
ထိုရနံ့ကို ရရှိခံစားနိုင်စေသတည်း။
နှမညီရင်း၊ မွေးချင်းကဲ့သို့
သူအချင်းချင်း၊ တို့များကြားမှာ
စာနာစိတ်ထား၊ ကရုဏာပွား
လေးစားပြန်လှန်၊ တို့သန္တာန်ဝယ်
ခွဲခြားမှုကင်း၊ နေထိုင်ခြင်းဖြင့်
တို့ကျင်လည်ရာ၊ ဤကမ္ဘာဝယ်
ငြိမ်းချမ်းရေးမှန်း၊ ထိုအမြတ်လမ်းကို
တည့်စွာလျှောက်လှမ်းနိုင်စေသတည်း။

❁❁❁

ကဝိ

## Microsoft Power Bi သင်တန်းပြုလုပ်ခြင်း



**ဇန်နဝါရီလ ၂၁ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဌာနအသီးသီးအနေဖြင့် မိမိတို့ဌာနရှိသတင်းအချက်အလက်များကို Data Analysis ပြုလုပ်နိုင်ရန် ရည်ရွယ်၍ Microsoft Power BI သင်တန်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ၇-၂-၂၀၂၂ ရက်နေ့မှ ၁၁-၂-၂၀၂၂ ရက်နေ့အထိ (၅) ရက်တာ ဆောင်ရွက်ခဲ့ပြီး အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။ သင်တန်းကို ကော်မရှင်ရုံး e-Government ဌာနက တာဝန်ယူသင်ကြားပို့ချမှုများ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံး ဝန်ထမ်း (၁၂) ဦး တက်ရောက်ခဲ့ကြပါသည်။

# ဆက်သွယ်ရန် လိပ်စာများ





အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်။

ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm

facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။

ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ဦးပိုင်အမှတ် ၃၅ (ကါဃ)၊ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း –၀၉၄၂၅၈၆၀၀၀၈


---


*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*

*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*

*e-government@mnhrc.org.mm*